# warmaolo0j'pm'w ,apmi

၁ ယေရှုခရစ်တော်၏တမန်တော်တစ်ပါး ဖြစ်
သော ငါပေါလုမှ နှုတ်ဆက်ပါ၏။ ငါသည်
တမန်တော်တစ်ပါးဖြစ်၏။ အဘယ်ကြောင့်ဆိုသော်
ဘုရားသခင်သည် ငါ့အား ထိုသို့ဖြစ်စေရန် အလို
တော်ရှိ၏။ ခရစ်တော်ယေရှု၌ရှိသော ကတိတော်
ဆိုင်ရာအသက်အကြောင်းကို လူတို့အားဟောပြော
ရန် ဘုရားသခင်သည် ငါ့ကိုစေလွှတ်တော်မူ၏။
၂ တိမောသေ သင်သည် ငါ၏ချစ်သောသားကဲ့သို့
ဖြစ်၏။ ခမည်းတော်ဘုရားသခင်နှင့် ငါတို့ သခင်
ယေရှုခရစ်တော်ထံမှ ကျေးဇူးတော် *(ကြင်နာခြင်း)*၊
ကရုဏာတော်နှင့်ငြိမ်သက်ခြင်းသည်သင့်အပေါ်
၌ရှိပါစေသော။

**ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တိုက်တွန်းနှိုးဆော်ခြင်း**

၃ ငါသည်သင့်ကိုနေ့ရောညပါ ငါ၏ဆုတောင်း
ခြင်း၌ အစဉ်မပြတ် အောက်မေ့သတိရလျက်ရှိ၏။
ထိုဆုတောင်းခြင်းများအားဖြင့် သင့်အတွက် ဘုရား
သခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ သူသည်
ငါတို့ ဘိုးဘေးများတို့ အစေခံသော ဘုရားသခင်
ဖြစ်တော်မူ၏။ အဘယ်အရာသည်ဖြောင့်မတ်သည်
ဟု ငါသိသောအခါ ငါသိသောအရာကို ပြုခြင်းအား
ဖြင့် ငါသည်သူ၏အစေကို အစဉ်မပြတ်ခံ၏။ ၄ သင်
သည် ငါ့အတွက် အော်ဟစ်ငိုကြွေးနေသည်ကို ငါ
အောက်မေ့လျက်ရှိ၏။ ငါသည် ဝမ်းမြောက်ခြင်း၌
ပြည့်စုံနိုင်ပါမည်အကြောင်း သင့်ကို တွေ့မြင်ရန်
အလွန်အလိုရှိ၏။ ၅ သင်၏ စစ်မှန်သောယုံကြည်
ခြင်းကို ငါအောက်မေ့လျက်ရှိ၏။ ထိုယုံကြည်ခြင်း
မျိုးသည် ပထမတွင် သင်၏ အဘွားလောဣနှင့်
သင်၏အမိ ဥနိတ်တို့၌ရှိ၏။ ထိုကဲ့သို့သော ယုံကြည်
ခြင်းမျိုးကို ယခုတွင်သင်၌ရှိသည်ကို ငါသိ၏။ ၆ ထို
အကြောင်းကြောင့် ဘုရားသခင်သည် ထိုဆုကျေးဇူး
လက်ဆောင်ကို သင့်အားပေးတော်မူ၏။ ငါသည်
သင့်အပေါ် ငါ့လက်ကို တင်သောအခါ ဘုရား
သခင်သည် ထိုဆုကျေးဇူးလက်ဆောင်ကို သင့်
အားပေးတော်မူ၏။ သေးငယ်သောမီးပွားလေးသည်
ကြီးမားသော မီးတောက်ဖြစ်ရန် ကြီးထွားသကဲ့သို့
သင်သည် ထိုဆုကျေးဇူးလက်ဆောင်ကို အသုံးပြု
လျက် ပို၍ကြီးထွားလာရန် ယခုတွင် ငါအလိုရှိ၏။
၇ ဘုရားသခင်သည် ငါတို့အား ကြောက်စေတတ်
သောဝိညာဉ်ကို ပေးတော်မမူခဲ့။ ဘုရားသခင်သည်
ငါတို့အား တန်ခိုးရှိသောဝိညာဉ်တစ်ပါး၊ ချစ်ခြင်း
မေတ္တာနှင့် ကိုယ်ကိုထိန်းချုပ်နိုင်သော ဝိညာဉ်
တစ်ပါးကို ပေးတော်မူ၏။ ထို့ကြောင့် ငါတို့သခင်
ယေရှုခရစ်၏အကြောင်းကို လူတို့အား ဟောပြော
ရန် ရှက်ကြောက်ခြင်းမရှိနှင့်။
၈ ငါသည်သခင်ဘုရားအတွက် အကျဉ်းထောင်
ထဲ၌ရှိသောကြောင့် ငါ့အတွက် ရှက်ကြောက်ခြင်း
မရှိနှင့်။ သို့သော် ဧဝံဂေလိတရားအတွက် ငါနှင့်
အတူ ဆင်းရဲဒုက္ခကို ခံပါ။ ဘုရားသခင်သည် ထို
အရာကိုပြုရန် ငါတို့ကို ခွန်အားနှင့် ပြည့်စုံစေတော်
မူ၏။ ၉ ဘုရားသခင်သည် ငါတို့ကို ကယ်တင်တော်
မူ၍ ငါတို့ကို သူ၏ သန့်ရှင်းသောသူဖြစ်စေတော်မူ
၏။ ငါတို့သည် မည်သည့်အရာတစ်စုံတစ်ခုကိုပြုခဲ့
ခြင်းအားဖြင့် ထိုအရာသည်ဖြစ်ပျက်ခဲ့ခြင်း မဟုတ်
ပါ။ ဘုရားသခင်သည် သူ၏အလိုတော်နှင့်အညီ
သူ၏ကျေးဇူးတော် *(ကြင်နာခြင်း)*ကြောင့်သာ ငါတို့
ကို ကယ်တင်တော်မူ၍ ငါတို့အား သူ၏လူများဖြစ်
စေတော်မူ၏။ ထိုကျေးဇူးတော်သည် ခရစ်တော်
ယေရှုအားဖြင့် အချိန်ကာလမစတင်မီ ငါတို့အား
ပေးတော်မူ၏။ ၁၀ ထိုကျေးဇူးတော်သည် ငါတို့အား
ယခုတိုင်အောင် မထင်ရှားသေး။ ငါတို့၏ကယ်တင်
ရှင်ယေရှုခရစ်တော်သည်ကြွလာတော်မူသောအခါ
ထိုကျေးဇူးတော်သည် ငါတို့အား ထင်ရှားစေတော်
မူခဲ့၏။ ယေရှုသည် သေခြင်းကို ဖျက်ဆီးတော်မူ၍
အသက်ကိုရသောလမ်းအား ငါတို့ကို ထင်ရှားစေ
တော်မူခဲ့၏။ ဟုတ်ပါ၏။ ယေရှုသည် ဝမ်းမြောက်
စရာသတင်းကောင်းအားဖြင့် မပျက်စီးနိုင်သော
အသက်ကို ရရှိရန် လမ်းကိုငါတို့အား ထင်ရှားစေ
တော်မူ၏။ ၁၁ ထိုဝမ်းမြောက်ခြင်းသတင်းကို ဟော
ပြောရန် ငါ့အား ရွေးကောက်တော်မူ၏။ ငါ့အား
တမန်တော်တစ်ပါးအရာနှင့် ထိုဝမ်းမြောက်စရာ
သတင်းကောင်းကို သွန်သင်သော ဆရာတစ်ပါး
အဖြစ် ရွေးကောက်တော်မူ၏။ ၁၂ ငါသည် ထို ဝမ်း

မြောက်စရာ သတင်းကောင်းကို ဟောပြောသော
ကြောင့် ယခုတွင် ငါသည် ဒုက္ခဆင်းရဲကို ခံရ၏။
သို့သော်လည်း ငါသည် ရှက်ကြောက်ခြင်းမရှိ။ ငါ
ယုံကြည်သောသူ *(ယေရှု)* ကို ငါသိ၏။ သူသည် ထို
နေ့ရက်တိုင်အောင် ငါ၌စိတ်ချတော်မူသောအရာ
များတို့ကို ကွယ်ကာရန် တတ်နိုင်တော်မူသည်ကို
ငါသေချာ၏။ ၁၃ သင်သည် ငါ့ထံမှကြားနာရသည့်
စစ်မှန်သောသွန်သင်ခြင်းတရားကို လိုက်လျှောက်
ပါ။ ခရစ်တော်ယေရှု၌ရှိသော ငါတို့၏ ယုံကြည်
ခြင်းနှင့် ချစ်ခြင်းမေတ္တာအကြောင်း သွန်သင်ချက်
များကို လိုက်လျှောက်ကြပါ။ ထိုသွန်သင်ခြင်းများ
တို့က သင်သည် အဘယ်အရာကို သွန်သင်ရမည်
အကြောင်း ပုံသက်သေ ထင်ရှားစေမည်။ ၁၄ သင့်
ကို အပ်ပေးသောသမ္မာတရားကို အကွယ်အကာ
ပြုပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီမစခြင်း
ဖြင့် ထိုအရာတို့ကို အကွယ်အကာပြုပါ။ ထိုသန့်ရှင်း
သောဝိညာဉ်တော်သည် ငါတို့အထဲ၌ အသက်ရှင်
လျက်ရှိ၏။

၁၅ အာရှိပြည်၌နေသော လူအပေါင်းတို့သည်
ငါ့ကို စွန့်ပယ်ကြသည်ကို သင်သိ၏။ ဖုဂေလုနှင့်
ဟေရမောဂင်တို့သည်ပင် ငါ့ကို စွန့်ပယ်ကြ၏။
၁၆ ဘုရားသခင်သည် သြနေသိဖော်၏ အိမ်ထောင်
မိသားစုအပေါ်၌ ကရုဏာတော်ကိုထင်ရှားစေတော်
မူလိမ့်မည်အကြောင်း ငါဆုတောင်း၏။ သြနေသိ
ဖော်သည် ငါ့အား ကြိမ်ဖန်များစွာ ကူညီလေ၏။ ငါ
သည် အကျဉ်းထောင်၌ရှိသည်ကို သူသည် ရှက်
ကြောက်ခြင်း မရှိ။ ၁၇ ထိုသို့မဟုတ်ပါ။ သူသည်
ရှက်ကြောက်ခြင်းမရှိ။ သူသည် ရောမမြို့သို့ရောက်
လာခဲ့စဉ် ငါ့ကိုတွေ့အောင်ကြိုးစား၍ရှာခဲ့၏။ ၁၈ သူ
သည် ငါ့ကို တွေ့သည်တိုင်အောင် ကြိုးစားရှာခဲ့
သည်ဖြစ်၍ ဘုရားသခင်သည် ရောမမြို့ကို ခွင့်ပြု
လိမ့်မည်အကြောင်း ငါဆုတောင်း၏။ ထိုနေ့ရက်
တွင် သခင်ဘုရားထံတော်မှ ကရုဏာတော်ကို
ဘုရားသခင်သည် သြနေသိဖော်အပေါ်၌ ခွင့်ပေး
ပါမည်အကြောင်း ငါဆုတောင်း၏။ သြနေသိဖော်
သည် ဧဖက်မြို့၌ ငါ့ကို အဘယ်မျှလောက် ကူညီ
မစသည်ကို သင်သိ၏။

## ယေရှုခရစ်တော်၏သစ္စာရှိသောစစ်သား

၂ တိမောသေ သင်သည် ငါ၌ သားတစ်ယောက်
ကဲ့သို့ဖြစ်၏။ ခရစ်တော်ယေရှု၌ ငါတို့ရှိသော
ကျေးဇူးတော် *(ကြင်နာခြင်း)* အားဖြင့် ခိုင်ခံ့ခြင်းရှိပါ။
၂ ငါသွန်သင်ခဲ့သောအရာများကို သင်သည် ကြား
ပြီးဖြစ်၏။ များစွာသော အခြားသူတို့သည်လည်း ထို
အရာများကို ကြားပြီးဖြစ်ကြ၏။ သင်သည် ထိုအရာ
များကိုပင် သွန်သင်ရမည်။ သင်ယုံကြည်စိတ်ချ
နိုင်မည့် အချို့သောသူတို့အား ထိုအရာများကိုသွန်
သင်ပါ။ ထို့နောက် သူတို့သည်လည်း ထိုအရာများ
ကို အခြားသောသူတို့အား သွန်သင်ရန် တတ်နိုင်
ကြပါလိမ့်မည်။ ၃ ငါတို့ခံရသော ဆင်းရဲဒုက္ခကို
ဝေမျှသည်းခံပါ။ ထိုဒုက္ခဆင်းရဲခြင်းများကို ခရစ်
တော်ယေရှု၏ စစ်သားတစ် ယောက်ကဲ့သို့ လက်ခံ
ပါ။ ၄ စစ်သားတစ်ယောက်သည် သူ၏အရာရှိအား
ကျေနပ်နှစ်သက်စေရန် အလိုရှိ၏။ ထိုစစ်သားသည်
သူ၏အချိန် များကို လူအများပြုသကဲ့သို့ မသုံးပါ။
၅ အကယ်၍ အားကစားသမားကောင်းတစ်ယောက်
သည် အပြေးပြိုင်ပွဲတွင် ပြေးလျှင် သူသည် အောင်
ပွဲခံရန် စည်းမျဉ်းများအားလုံးကို နာခံရပါမည်။
၆ အလုပ်ကြိုးစားသော လယ်သမားသည် သူစိုက်ပျိုး
သောသီးနှံကို ပထမဦးစွာစားရသောသူဖြစ်၏။ ၇ ငါ
ပြောဆိုသော ဤအကြောင်းအရာများကို ဆင်ခြင်
အောက်မေ့ပါ။ ဤအရာအားလုံးကို နားလည်ရန်
အစွမ်းသတ္တိကို သခင်ဘုရားသည် သင့်အား ပေး
တော်မူလိမ့်မည်။

၈ ယေရှုခရစ်တော်ကို အောက်မေ့ပါ။ သူ သည်
ဒါဝိဒ်အမျိုးအနွယ်မှဖြစ်၏။ ယေရှုသည် အသေခံ
တော်မူပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက်တော်
မူ၏။ ဤအရာသည် လူတို့အား ငါဟောပြောသော
ဝမ်းမြောက်စရာသတင်းကောင်းဖြစ်၏။ ၉ ထိုဝမ်း
မြောက်စရာသတင်းကောင်းကို ငါဟောပြောသော
ကြောင့် ငါသည် ဆင်းရဲဒုက္ခကို ခံရ၏။ မှားယွင်း
သောအမှု ကိုပြုသောလူတစ်ယောက်ကဲ့သို့ ငါသည်
ကြိုး ဖြင့် ချည် နှောင်ခြင်းကို ခံရ၏။သို့သော်လည်း
ဘုရားသခင်၏ သွန်သင်တော်မူခြင်းတရားသည်
ချည်နှောင်ခြင်းမရှိ။ ၁၀ ထို့ကြောင့် ဤဒုက္ခဆင်းရဲ
ခြင်းများအားလုံးတို့ကို ငါသည် စိတ်ရှည်သည်းခံ
ခြင်းဖြင့် ခံယူ၏။ ဘုရားသခင် ရွေးကောက်တော်မူ
သောသူအားလုံးတို့အား ကူညီရန် ငါသည် ဤအရာ
ကို ပြု၏။ ထိုသူတို့သည် ခရစ်တော်ယေရှုအားဖြင့်
ကယ်တင်တော်မူခြင်းသို့ရောက်ကြမည်အကြောင်း
ဤ ဆင်းရဲဒုက္ခများကို ငါခံရ၏။ ထိုကယ်တင်
တော်မူခြင်းလာသော ဘုန်းအသရေသည် ဘယ်
သောအခါမျှ ကုန်ဆုံးတော့မည်မဟုတ်ပါ။
၁၁ ဤသွန်သင်ခြင်းတရားသည် မှန်ပေ၏။

အကယ်၍ ငါတို့သည် သူ(ယေရှု)နှင့်
အတူ အသေခံလျှင် ငါတို့သည်လည်း
သူနှင့်အတူ အသက်ရှင်ကြလိမ့်မည်။
၁၂ အကယ်၍ ငါတို့သည် ဆင်းရဲဒုက္ခကို
လက်ခံလျှင် ငါတို့သည် သူနှင့်အတူ
စိုးစံကြပါလိမ့်မည်။
အကယ်၍ ငါတို့သည် သူ့ကိုလက်ခံရန်
ငြင်းကြလျှင် သူသည် ငါတို့ကို
လက်ခံရန် ငြင်းပယ်လိမ့်မည်။
၁၃ ငါတို့တွင် သစ္စာမရှိသော်လည်း
သူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏၊
အဘယ်ကြောင့်ဆိုသော်
သူသည် ကိုယ့်ကိုယ်ကို
သစ္စာမဲ့ခြင်းအခွင့်ကို မပေး။

## နှစ်သက်ဖွယ်သောအလုပ်သမားတစ်ဦး

၁၄ ဤအရာများတို့ကို လူတို့အား ဆက်လက်
ဟောပြောပါ။ စကားများကြောင့်သာ ငြင်းခုံခြင်းကို
မပြုကြရန် ထိုသူတို့အား ဘုရားသခင်ရှေ့၌ သတိ
ပေးပါ။ စကားများကြောင့် ငြင်းခုံခြင်းသည် မည်သူ့
ကိုမှ အကျိုးမပေး၊ မကူညီပါ။ ထိုအရာသည်
နားထောင်သောသူ တို့အား ပျက်စီးယိုယွင်းစေ၏။
၁၅ ဘုရားသခင် လက်ခံနိုင်လိမ့်မည့်သူဖြစ်ရန် သင်
လုပ်နိုင်သမျှ အကောင်းဆုံးပြုပါ။ သူ့ထံ၌ ကိုယ်
ကိုယ်ကို ဆက်ကပ်အပ်နှံပါ။ သူ၏အလုပ်အားဖြင့်
ရှက်ကြောက်ခြင်းသို့ရောက်သော အလုပ်သမား
တစ်ယောက်မဖြစ်ဘဲ ဖြောင့်မတ်သောနည်းလမ်း
အားဖြင့် စစ်မှန်သောသွန်သင်ခြင်းကို အသုံးပြုသော
အလုပ်သမားတစ်ယောက် ဖြစ်ပါ။
၁၆ ဘုရားသခင်ထံတော်မှ မဟုတ်သောအကျိုးမဲ့
သောအရာများတို့ကို ပြောဆိုနေသောသူတို့ထံမှ
အဝေးသို့ရှောင်နေပါ။ ထိုကဲ့သို့သော ပြောဆိုခြင်း
သည် ဘုရားသခင်ကို ပို၍ဆန့်ကျင်ဆီးတားခြင်း
သို့ ပို့ဆောင်ပါလိမ့်မည်။ ၁၇ သူတို့၏ဆိုးညစ်သော
သွန်သင်ခြင်းသည် ကိုယ်ခန္ဓာအတွင်း၌ ဖျားနာ
ခြင်းကဲ့သို့ ပျံ့နှံ့ပါလိမ့်မည်။ ဟုမေနဲနှင့် ဖိလက်တို့
သည် ထိုကဲ့သို့သောသူများဖြစ်ကြ၏။ ၁၈ သူတို့သည်
စစ်မှန်သောသွန်သင်ခြင်းကို စွန့်ပယ်ကြ၏။ လူ
အားလုံးတို့သည် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း
မှာ ဖြစ်ပျက်ခဲ့ပြီးဖြစ်သည်ဟု သူတို့သည် ဟော
ပြောကြ၏။ ထိုသူနှစ်ယောက်တို့သည် အချို့သော
သူတို့၏ ယုံကြည်ခြင်းကို ဖျက်ဆီး၏။ ၁၉ သို့သော်
လည်း ဘုရားသခင်၏ခိုင်ခံ့သောအခြေခံအုတ်မြစ်
သည် ဆက်လက်၍တည်မြဲ၏။ ဤစကားလုံးများ
သည် ထိုအခြေခံအုတ်မြစ်ပေါ်တွင် ရေးထားလျက်
ရှိ၏။ "သခင်ဘုရားသည် သူနှင့်စပ်ဆိုင်သောသူတို့
ကို သိတော်မူ၏။" ထို့အပြင် ဤစကားလုံးများသည်
ထို အခြေခံအုတ်မြစ်အပေါ်၌ ရေးထားလျက်ရှိ၏။
"မည်သည့်မဆို သခင်ဘုရားကို ယုံကြည်ခြင်းရှိ
သည်ဟု ပြောဆိုသောသူရှိသမျှတို့သည် မှားယွင်း
သောအမှုကိုပြုခြင်းမှ ရပ်ရပါမည်။ "
၂၀ ကြီးမားသောအိမ်တော်တွင် ရွှေငွေနှင့်ပြု
လုပ်ထားသောအရာများရှိ၏။ သို့သော်လည်း ထို
နေရာတွင် သစ်သား၊ ရွံ့တို့ဖြင့် ပြုလုပ်ထားသော
အရာများလည်းရှိ၏။ အချို့သောအရာများသည်
အထူးရည်ရွယ်ချက်ဖြင့် အသုံးပြုထားသည်။ အခြား
သောအရာများသည် ညစ်ပေသောလုပ်ငန်းများ
အတွက် ပြုလုပ်ထား၏။ ၂၁ အကယ်၍မည်သူမဆို
ဆိုးညစ်သောအရာများ အားလုံးတို့မှ ကိုယ်ကိုယ်
ကို သန့်ရှင်းစင်ကြယ်စေရန်ပြုလျှင် ထိုသူသည်
အထူးရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းကို ခံ
ရပါလိမ့်မည်။ ထိုသူသည် သန့်ရှင်းစင်ကြယ်စေ
ရန်ပြုလိမ့်မည်။ သခင်ကလည်း သူ့ကို အသုံးပြု
နိုင်ပါမည်။ ထိုသူသည် မည်သည့်ကောင်းသော
အမှုကိုမဆိုပြုရန် အဆင်သင့်ဖြစ်ပါလိမ့်မည်။
၂၂ ငယ်ရွယ်သူတစ်ယောက် ပြုလိုတတ်သော
ဆိုးညစ်သည့်အရာတို့မှ ဝေးရာသို့ရှောင်နေပါ။
ဖြောင့်မတ်စွာအသက်ရှင်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်
ခြင်းမေတ္တာနှင့် ငြိမ်သက်ခြင်းရှိဖို့ရန် အလွန်ကြိုး
စားလျက်နေပါ။ စင်ကြယ်သောနှလုံးရှိပြီး သခင်
ဘုရားကို ယုံကြည်သောသူတို့နှင့်အတူ ဤအမှု
တို့ကို ပြုပါ။ ၂၃ မိုက်မဲခြင်းနှင့် ပညာကင်းသော
ငြင်းခုံခြင်းများတို့မှ ဝေးရာသို့ရှောင်နေပါ။ ထိုငြင်းခုံ
ခြင်းများသည် ပိုမိုကြီးမား ကြီးထွားတတ်သည်ကို
သင်သိ၏။ ၂၄ သခင်ဘုရားကို အစေခံသောသူသည်
ငြင်းခုံခြင်းကို မပြုရ။ သူသည် ခပ်သိမ်းသောသူတို့
အတွက် ကြင်နာတရားရှိရပါမည်။ သခင်ဘုရား၏
အစေကိုခံသောသူတစ်ယောက်သည် ကောင်းသော
ဆရာတစ်ပါးဖြစ်ရပါမည်။ ၂၅ သူသည် စိတ်ရှည်ခြင်း၊
သည်းခံခြင်းရှိရပါမည်။ သခင်ဘုရားကို အစေခံ
သောသူသည် သူနှင့် သဘောထားတူညီခြင်းမရှိ
သောသူတို့အား နူးညံ့သိမ်မွေ့စွာ သွန်သင်ရပါမည်။
သူတို့သည် သမ္မာတရားကို လက်ခံနိုင်ပါမည် အ
ကြောင်း ဘုရားသခင်သည် သူတို့၏ စိတ်နှလုံးများ

ကို ပြောင်းလဲစေပါလိမ့်မည်။ ၂၆ စာတန်မာရ်နတ်
သည် ထိုသူတို့ကို ပရိယာယ်ဆင်၍ဖမ်းပြီး သူ
အလိုရှိသလို သူတို့အား ပြုလေ၏။ သို့သော်လည်း
သူတို့သည် နိုးလာနိုင်၍ စာတန်မာရ်နတ်သည်
သူတို့အား အသုံးပြုနေသည်ကို ငါတွေ့မြင်လျက်
မာရ်နတ်၏ ပရိယာယ်ထောင်ချောက်မှ ကိုယ်ကိုယ်
ကို လွတ်မြောက်စေရပါမည်။

## နောက်ဆုံးသောနေ့ရက်များ

၃ ဤအရာများကို အောက်မေ့ပါ။ နောက်ဆုံး
သောနေ့ရက်များ၌ များစွာသောဒုက္ခဆင်းရဲ
ခြင်းများ ရောက်လိမ့်မည်။ ၂ ထိုအချိန်များတွင်
လူတို့သည် ကိုယ့်ကိုယ်ကိုသာ ချစ်ကြပြီး ငွေကိုသာ
တပ်မက်ကြလိမ့်မည်။ သူသည် ဝါကြွားခြင်းအပြည့်
နှင့် မာန်မာနထောင်လွှားကြလိမ့်မည်။ လူတို့သည်
အခြားသော သူတို့အား ဆိုးသောအရာများကို ပြော
ဆိုကြလိမ့်မည်။ လူတို့သည် သူတို့၏မိဘများကို
နာခံကြလိမ့်မည်မဟုတ်။ လူတို့သည် ကျေးဇူးတ
ရားကို သိကြလိမ့်မည်မဟုတ်။ သူတို့သည် ဘုရား
သခင်အလိုရှိတော်မူသောသူများဖြစ် ကြလိမ့်မည်
မဟုတ်။ ၃ လူတို့သည် အခြားသောသူတို့အတွက်
ချစ်ခြင်းမေတ္တာရှိကြလိမ့်မည်မဟုတ်။ သူတို့သည်
အခြားသောသူတို့အား ခွင့်လွှတ်ခြင်းကို ငြင်းပယ်
ကြလိမ့်မည်။ သူတို့သည် ဆိုးသောအရာများကို
ပြောဆိုကြလိမ့်မည်။ လူတို့သည် ကိုယ်ကိုယ်ကို
ထိန်းချုပ်ကြလိမ့်မည်မဟုတ်။ သူတို့သည် အမျက်
ဒေါသထွက်၍ ကောင်းသောအရာများတို့ကို မုန်း
ကြလိမ့်မည်။ ၄ ထိုနောက်ဆုံးသောနေ့ရက်များ၌
လူတို့သည် သူတို့၏မိတ်ဆွေ များကို ဆန့်ကျင်၍
ဆီးတားကြလိမ့်မည်။ သူတို့သည် ဆင်ခြင်တွေး
တောခြင်းကင်းလျှက် မိုက်မဲသောအလုပ်များကို
ပြုကြပါလိမ့်မည်။ သူတို့သည် ဘဝင်မြင့်၍ မာန
ထောင်လွှားကြလိမ့်မည်။ လူတို့သည် အပျော်အပါး
ကိုသာ ချစ်ကြပါလိမ့်မည်။ သူတို့သည် ဘုရားသခင်
ကို ချစ်ကြလိမ့်မည် မဟုတ်။ ၅ ထိုသူတို့သည်
ဘုရားသခင်ကို အစေခံသကဲ့သို့ ဆက်လက်၍
ပြုမူကြလိမ့်မည်။ သို့သော်လည်း သူတို့သည် အမှန်
စင်စစ်ဘုရားသခင်၏ အစေကိုမခံကြကြောင်း သူ
တို့၏အသက်ရှင်ခြင်းအားဖြင့် ထင်ရှားစေလိမ့်မည်။
၆ တိမောသေ၊ ထိုသူတို့ ထံမှ ဝေးရာသို့ရှောင်၍နေ
ပါ။ အချို့သောသူတို့သည် အိမ်များသို့သွား၍ အား
နည်းလျက်ရှိသော အမျိုးသမီးတို့ကို ယူကြလိမ့်
မည်။ ထိုအမျိုးသမီးတို့သည် အပြစ်ဒုစရိုက်နှင့်
ပြည့်လျက်ရှိကြ၏။ ထိုအမျိုးသမီးတို့သည် သူတို့
ပြုချင်သည်အတိုင်း များစွာသောဆိုးညစ်ခြင်းများ
အားဖြင့် အပြစ်တရားသို့ ပို့ဆောင်ပါမည်။ ၇ ထို
အမျိုးသမီးများသည် အစဉ်သဖြင့် အသစ်သော သွန်
သင်ခြင်းများကို ကြိုးစား၍ သင်ယူကြ၏။ သို့သော်
လည်းသူတို့သည် သမ္မာတရားကို ဘယ်သောအခါ
မှ စုံလင်စွာနားလည်ရန် မတတ်နိုင်ကြ။ ၈ ယန္နေ
နှင့်ယံဗြေတို့ကို အောက်မေ့ပါ။ သူတို့သည် မောရှေ
အား ဆန့်ကျင်ခဲ့ကြ၏။ ဤသူတို့သည်လည်း ဤ
နည်းတူဖြစ်ကြ၏။ သူတို့သည် သမ္မာတရားကို ဆန့်
ကျင်ဆီးတားကြ၏။ သူတို့၏ ဆင်ခြင်တွေးတော
ခြင်းသည် ရှုပ်ထွေးလျက်ရှိသောသူများဖြစ်ကြ၏။
သူတို့သည် ယုံကြည်ခြင်းသို့ လိုက်လျှောက်ကြရန်
ကြိုးစားလျက်လမ်းလွဲကြ၏။ ၉ သို့သော်လည်း သူတို့
ပြုသောအရာများတို့တွင် သူတို့သည် အောင်မြင်
ကြလိမ့်မည်မဟုတ်။ သူတို့သည် မိုက်မဲသောသူ
များဖြစ်ကြသည်ကို လူအားလုံးတို့သည် မြင်ရကြ
လိမ့်မည်။ ယန္နေနှင့် ယံဗြေတို့၌ ဖြစ်ပျက်ခဲ့သော
အရာမှာ ထိုအရာပင်ဖြစ်သည်။

## နောက်ဆုံးသော တိုက်တွန်းနှိုးဆော်ခြင်း

၁၀ သို့သော်လည်း သင်သည် ငါ၏အကြောင်း
အားလုံးကို သိ၏။ ငါသည် အဘယ်အရာကို သွန်
သင်သည်ကိုလည်းကောင်း၊ ငါ၏အသက်ရှင်ခြင်း
နည်းလမ်းကိုလည်းကောင်း သင် သိ၏။ အသက်
တာ ၌ ငါ၏ရည်ရွယ်ချက်ကို သင်သိ၏။ သင်သည်
ငါ၏ယုံကြည်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် ချစ်
ခြင်းမေတ္တာတို့ကို သိ၏။ ငါသည် အဆုံးသတ်ရန်
ဘယ်တော့မှ မကြိုးစားသည်ကို သင်သိ၏။ ၁၁ သင်
သည် ငါ ခံရသောညှဉ်းပမ်းနှိပ်စက်ခြင်းများ *(ဒုက္ခ
ဆင်းရဲခြင်းများ)* နှင့် ဝေဒနာများကိုသိ၏။ အန္တိအုတ်
မြို့၊ ဣကောနိမြို့၊ လုတ္တရမြို့တို့တွင် ငါ့အပေါ် ဖြစ်
ပျက်သမျှ အရာအားလုံးတို့ကို သင်သိ၏။ ငါသည်
ထိုနေရာများတို့၌ ခံစားခဲ့ရသော ညှဉ်းပမ်းနှိပ်စက်
ခြင်းများတို့ကို သင်သိ၏။ သို့သော်လည်း သခင်
ဘုရားသည် ထိုဒုက္ခဆင်းရဲခြင်းအားလုံးတို့မှ ငါ့ကို
ကယ်တင်တော်မူ၏။ ၁၂ ခရစ်တော်ယေရှု၌ ဘုရား
သခင်အလိုရှိသောနည်းလမ်းဖြင့် အသက်ရှင်ရန်
အလိုရှိသည့် ခပ်သိမ်းသောသူတို့သည် ညှဉ်းပမ်း
နှိပ်စက်ခြင်းကို ခံရကြပါလိမ့်မည်။ ၁၃ ဆိုးညစ်၍
အခြားသောသူတို့အား လိမ်လည်လှည့်ဖြားသော
သူတို့သည် ဆိုးရွားသည်ထက် ဆိုးရွားလာကြပါ

လိမ့်မည်။ သူတို့သည် အခြားသောသူတို့အား လိမ်
လည်လှည့်ဖြားကြ၏။ သို့သော်လည်း သူတို့သည်
ကိုယ်ကိုယ်ကို လိမ်လည်လှည့်ဖြား၍ မိုက်မဲခြင်း
သို့ ရောက်စေကြ၏ ၁၄ သို့သော်လည်း သင်သည်
သင်ယူခဲ့သော သွန်သင်ခြင်းတရားကို ဆက်လက်
၍ လိုက်လျှောက်ရပါမည်။ ထိုသွန်သင်ခြင်းတရား
တို့သည် မှန်သည်ကို သင်သိ၏။ သင်သည် ထိုအရာ
များတို့ကို သွန်သင်ခဲ့သော သူတို့အား သင်သည်
ယုံကြည်စိတ်ချနိုင်သည်ကို သင်သိ၏။ ၁၅ သင်သည်
ကလေးသူငယ်ဘဝ၌ပင်လျှင် သန့်ရှင်းသော သမ္မာ
တရားကို သိရှိပြီးဖြစ်၏။ ထိုကျမ်းစာတို့သည် သင့်
ကို ပညာရှိစေရန် တတ်နိုင်တော်မူ၏။ ထိုပညာ
သည် ခရစ်တော်ယေရှုကို ယုံကြည်ခြင်းအားဖြင့်
ကယ်တင်ခြင်းသို့ ပို့ဆောင်တော်မူ၏။ ၁၆ ကျမ်းစာ
၌ ရှိသမျှအားလုံးတို့သည် ဘုရားသခင်ပေးတော်
မူခြင်းအားဖြင့်ဖြစ်၏။ ကျမ်းစာ၌ရှိသမျှအားလုံးတို့
သည် သွန်သင်ခြင်းအတွက် သော်လည်းကောင်း၊
လူတို့အားသူတို့၏ အသက်တာများ၌ မှားယွင်းသော
အရာများကို ထင်ရှားစေရန်အတွက်သော်လည်း
ကောင်း အသုံးဝင်လျက်ရှိ၏။ ထိုအရာသည် အမှား
များကို ပြုပြင်ရန်အတွက်သော်လည်းကောင်း၊
ဖြောင့်မတ်ခြင်း၌ အဘယ်သို့ အသက်ရှင်ရမည်ကို
သွန်သင်ရာ၌လည်းကောင်း အသုံးဝင်လျက်ရှိ၏။
၁၇ သမ္မာကျမ်းစာကို အသုံးပြုခြင်းအားဖြင့် ဘုရား
သခင်ကို အစေခံသော သူသည် အဆင်သင့်ဖြစ်
လိမ့်မည်။ ကောင်းသောအမှုရှိသမျှတို့ကိုပြုရန် သူ
လိုအပ်သော အရာခပ်သိမ်းတို့ကိုလည်းရလိမ့်မည်
ဖြစ်၏။

၄ ငါသည် ဘုရားသခင်နှင့် ယေရှုခရစ်တော်၏
ရှေ့၌သင့်ကိုပညတ်ထား၏။ ခရစ်တော် ယေရှု
သည် အသက်ရှင်လျက်ရှိသောသူတို့နှင့် သေ
လျက်ရှိသောသူတို့ကို တရားစီရင်တော်မူမည့်သူ
ဖြစ်၏။ ယေရှု၌ နိုင်ငံတော်ရှိပြီး သူသည် တဖန်ကြွ
လာဦးမည်။ ထို့ကြောင့် ငါသည်သင့်အား ဤပညတ်
ကို ပေး၏၊ ၂ ဝမ်းမြောက်စရာသတင်းကောင်းကို
လူတို့အား ဟောပြောပါ။ အချိန်အခါတိုင်း၌ အဆင်
သင့်ရှိပါ။ လူတို့အား သူတို့ပြုရန် လိုအပ်သောအရာ
များကို ဟောပြောပါ။ သူတို့မှားယွင်းသောအခါ
ဖော်ပြပါ။ သူတို့အား တိုက်တွန်းနှိုးဆော်ပါ။ ဤ
အရာများတို့ကိုကြီးမားသောစိတ်ရှည်သည်းခံခြင်း
နှင့် ဂရုစိုက်သွန်သင်ခြင်းအားဖြင့် ပြုပါ။ ၃ လူတို့
သည် စစ်မှန်သော တရားသွန်သင်ခြင်းကို နား
မထောင်သောအချိန်ကာလ ရောက်လာလိမ့်မည်။
သို့သော်လည်း လူတို့သည် သူတို့ကို ကျေနပ်နှစ်
သိမ့်စေသော ဆရာများကို ပို၍တွေ့ရပါလိမ့်မည်။
ထိုသူတို့သည် သူတို့ကြားလိုသောအရာများကိုဟော
ပြော သောဆရာအများတို့ကို တွေ့ရကြလိမ့်မည်။
၄ လူတို့သည် သမ္မာတရားကို နားထောင်ခြင်းမှ ရပ်
ကြလိမ့်မည်။ သူတို့သည် မှားယွင်းသော ပုံဝတ္ထု
များနောက်သို့ စတင်လိုက်ကြပါလိမ့်မည်။ ၅ သို့
သော်လည်း သင်သည် အချိန်တိုင်း၌ ကိုယ်ကိုယ်
ကို ထိန်းချုပ်ရမည်။ ဒုက္ခဆင်းရဲခြင်းများရောက်
လာသောအခါ ထို ဒုက္ခဆင်းရဲခြင်းများကို လက်ခံ
ပါ။ ဝမ်းမြောက်စရာသတင်းကောင်းကို ဟောပြော
ပါ။ ဘုရားသခင်၏အစေကျွန်တစ်ယောက်၏တာဝန်
ရှိသမျှအားလုံးတို့ကို ဆောင်ရွက်ပါ။ ၆ ငါ၏ အသက်
တာသည် ယဇ်ပူဇော်ခြင်းကဲ့သို့ ဘုရားသခင်အတွက်
ဆက်ကပ်အပ်နှံပြီးဖြစ်၏။ ငါသည် ဤနေရာ၌
ဤအသက်တာဘဝကို စွန့်ခွါရမည့်အချိန်သည် ငါ့
ဆီသို့ ရောက်လာပြီ။ ၇ ငါသည် ကောင်းသောတိုက်
လှန်ခြင်းဖြင့် တိုက်ခိုက်ပြီးဖြစ်၏။ ငါသည် အပြေး
ပြိုင်ပွဲကို ပြီးစီးပြီးဖြစ်၏။ ၈ ငါသည် ယုံကြည်ခြင်းကို
စောင့်ရှောက်၏။ ယခုတွင် သရဖူ *(ဆုလာဘ်)*သည်
ငါ့အတွက် စောင့်ကြိုလျက်ရှိ၏။ ငါသည် ဘုရား
သခင်၏ရှေ့၌ ဖြောင့်မတ်တော်မူခြင်း သရဖူကို
ခံရလိမ့်မည်။ သခင်ဘုရားသည် တရားမျှတစွာ
စီရင်တော်မူသော တရားသူကြီးဖြစ်၏။ သူသည် ငါ့
အား သရဖူကို ထိုနေ့ရက်၌ ပေးတော်မူလိမ့်မည်။
ဟုတ်ပါ၏။ သူသည် ထိုသရဖူကို ငါ့အားပေးတော်
မူလိမ့်မည်။ သူသည် ထိုသရဖူကို သူ့အား တဖန်
ကြွလာရန် အလိုရှိ၍သူ့အားစောင့်မျှော်လျက်ရှိသော
သူအားလုံးတို့အား ပေးတော်မူလိမ့်မည်။

**ကိုယ်ရေးကိုယ်တာစကားများ**

၉ သင်သည် ငါရှိရာသို့မြန်နိုင်သမျှအမြန်ရောက်
လာနိုင်အောင် အကောင်းဆုံးပြုပါ။ ၁၀ ဒေမသည်
ဤလောကကို အလွန်ချစ်၏။ ထိုအကြောင်းကြောင့်
သူသည် ငါ့ကိုစွန့်ခွါလေ၏။ သူသည် သက်သာ
လောနိတ်မြို့သို့ သွားခဲ့၏။ ကရက္ကေသည် ဂလာတိ
မြို့သို့ သွားခဲ့၏။ ၁၁ တိတုသည် ဒါလမာတိပြည်သို့
သွားခဲ့၏။ လုကာတစ်ယောက်သာ ယခုတိုင်အောင်
ငါနှင့်အတူ ရှိ၏။ သင်လာသောအခါ မာကုကို
လည်း သင်နှင့်အတူ ခေါ်လာခဲ့ပါ။ သူသည် ဤ
အရပ်၌ ငါ၏အမှုကို ကူညီနိုင်ပါလိမ့်မည်။ ၁၂ ငါ
သည် တုခိတ်ကို ဧဖက်မြို့သို့ စေလွှတ်၏။

၁၃ ငါသည် တရောမြို့၌ရှိသောအခါ ငါ၏အပေါ်
ဝတ်ရုံကို ကာပုလက်၌ ထားခဲ့၏။ ထို့ကြောင့်
သင်လာသောအခါ ထိုဝတ်လုံကို ငါရှိရာသို့ ယူ
လာခဲ့ပါ။ ငါ၏စာအုပ်များကိုလည်း ယူလာခဲ့ပါ။
သားရေပေါ်၌ ရေးထားသောစာအုပ်များသည် ငါ
အလိုအပ်ဆုံးအရာများဖြစ်၏။ ၁၄ ပန်းတိမ်သမား
အာလေဇန္ဒြုသည် ငါ့ကို ဆန့်ကျင်ဆီးတားရန် ဆိုး
သောအရာများစွာတို့ကို ပြုခဲ့၏။ သခင်ဘုရားသည်
အာလေဇန္ဒြုအား သူပြုခဲ့သောအရာများအတွက်
အပြစ်ဒဏ်ပေးလိမ့်မည်။ ၁၅ သူသည် သင့်ကိုလည်း
နာကျင်စေအောင် မပြုမည်အကြောင်း သတိပြုပါ။
သူသည် ငါတို့၏ သွန်သင်ခြင်းတရားစကားကို
အလွန်ပြင်းထန်စွာတိုက်ခိုက်လေ၏။ ၁၆ ပထမတွင်
ငါသည် ကိုယ်ကိုယ်ကို ခုခံကာကွယ်ခဲ့၏။ မည်သူ
တစ်ဦးတစ်ယောက်ကမျှ ငါ့ကို မကူညီခဲ့ကြ။ ခပ်
သိမ်းသာလူတို့သည် ငါ့ကိုစွန့်ခွာကြ၏။ ဘုရားသ
ခင်သည်သူတို့ကိုခွင့်လွှတ်တော်မူပါမည်အကြောင်း
ငါ ဆုတောင်း၏။ ၁၇ သို့သော်လည်း သခင်ဘုရား
သည် ငါနှင့်အတူရှိတော်မူ၏။ ငါသည် ဂျူးလူမျိုး
မဟုတ်သော အခြားသောလူမျိုးတို့အား ဝမ်းမြောက်
စရာသတင်းကောင်းကို အပြည့်အဝ ဟောပြောနိုင်
ရန် သခင်ဘုရားသည် ငါ့ကို ခွန်အားနှင့် ပြည့်စုံ
စေတော်မူ၏။ ငါသည် ခြင်္သေ့(ရန်သူ)၏ ခံတွင်းမှ
ကယ်တင်တော်မူခြင်းကို ခံရ၏။ ၁၈ မည်သူမဆို ငါ့
အား ထိခိုက်ရန် ကြိုးစားသောအခါ သခင်ဘုရား
သည် ငါ့ကို ကယ်တင်တော်မူလိမ့်မည်။ သခင်
ဘုရားသည် သူ၏ကောင်းကင်နိုင်ငံတော်သို့ ငါ့ကို
လုံခြုံစွာ ပို့ဆောင်တော်မူလိမ့်မည်။ သခင်ဘုရား
၏ ဘုန်းအသရေတော်သည် ထာဝရအစဉ်မပြတ်
တည်ရှိပါစေသော။

**နောက်ဆုံးနှုတ်ဆက်ခြင်း**

၁၉ ပြစ်ကိလနှင့်အာကုလ၊ သြနေသိဖော်၏အိမ်
ထောင်မိသားစုများကို နှုတ်ဆက်ပါ၏။ ၂၀ ဧရတ္တု
သည် ကောရိန္သုမြို့၌ နေ၏။ တရောဖိမ်သည် ဖျား
နာသောကြောင့် မိလက်မြို့၌ ငါချန်ထားခဲ့၏။ ဆောင်း
ကာလမရောက်မီ သင်သည် ငါရှိရာသို့ လာနိုင်
မည်အကြောင်း အလွန်ကြိုးစားပါ။ ဥဗုလုသည် သင့်
ကို နှုတ်ဆက်၏။ ပုဒေ၊ လိနု၊ ကလောဒိနှင့် ခရစ်
တော်၏ ညီအစ်ကိုများအားလုံးတို့သည် သင့်ကို
နှုတ်ဆက်ကြ၏။ ဘုရားသခင်သည် သင်၏စိတ်
ဝိညာဉ်နှင့်အတူ ရှိတော်မူပါစေ။ သင်၌ ကျေးဇူး
တော်ရှိစေသတည်း။ အာမင်

တိမောသေဩဝါဒစာဒုတိယစောင်ပြီး၏။